
ရင်ခိုင်း
ချစ်ခြင်းရယ်ပြိုင်

# အခန်း-၁

"ကိုကိုရေ.. ကိုကို့ ကို… ကြွေ ချစ်တယ် အဟင့် အဟင့်"

ဟန်မဆောင်နိုင်ဘဲ ကြမ်းပြင်တွင် ဝပ်တွားပြီး ငိုနေသည့် ကြွေကို ဘယ်သူမှ သနားမည်မထင်။ အလုံပိတ်ထားသည့် အခန်းဖြစ်၍ အသံများ သည် အပြင်ကို မရောက်ပေ။ အပြင်ကိုသာ လှမ်းမြင်ရသည့် မှန်အမည်းသည် ချစ်ခြင်းကို ရက်ရက်စက်စက် ကာဆီးထားသည် ။ ခွဲခွာရတော့မည့် ချစ်သူမျက်နှာကို မပီမပြင် မြင်တွေ့ရင်း နှုတ်ဆက်ရ တော့မှာ လား။ ဆိုးသည့်ကံသည် ကြွေအတွက် သီးသန့်ဆန်သည် ။

"မမရွှေ ကြွေကို တံခါး ဖွင့်ပေးပါ ။ မမ ကျေးဇူးပြုပြီး ဖွင့်ပေးပါ ။ အဟင့် အဟင့် … ကိုကို့ ကို နောက်ဆုံး တွေ့ခွင့်ပေးပါ မမရယ်…မမ"

ကြွေလက်သည် တံခါးကို နာကျင်သည် အထိ အသံကုန် အော်ပြော ၍ ထုနေပေမဲ့ မမရွှေကဖြင့် တံခါးကို လုံးဝ ဖွင့်မပေးပါ။ မမရွှေသည် ကြွေနှင့် ဆန့်ကျင်ဘက် နှလုံးသားကို ပိုင်ဆိုင်ထားသော ပုံတူ လူသား တစ်ဦး။ သနား ကြင်နာခြင်းသည် မမရွှေတွင် ရှိမနေပေ။ ကြွေသည် တံခါးပေါက်ကို မှီချလိုက်ပြီး စိတ်ပျက် အားလျော့ကာ ငိုရင်း ထိုင်လို က်၏။

"ကြွေလေး … ကိုကို မနက်ဖြန် နိုင်ငံခြား သွားရတော့မှာ … ကိုကို

လေ ကြွေလေး ဆီက အဖြေရ သွားချင်တယ် ... ကိုကို့ကို လာတွေ့ပေးပါနော်"

ကိုကိုပြောခဲ့သော စကားများ သည် နားထဲတွင် သံယောင် ထပ်နေတော့သည်။

ယနေ့သည် ကိုကို နိုင်ငံခြားကို သွားမည့်နေ့ ဖြစ်သည်။ ကြွေရုပ်လွှာ အခန်းထဲမှ ထွက်နိုင်မည့် နည်းလမ်းကို အကြံထုတ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။

"ကြွေ နင်ဘယ်တော့မှ ကိုကို့ကို မပိုင်စေရဘူး ... ကိုကိုက ငါ့အတွက်ပဲ"

ရွှေသည် ကြွေကို ခတ်ထားသည့် အခန်းသော့ချောင်းကို လက်ညှိုးမှာ စွပ်ယမ်းလိုက်ရင်း နှုတ်ခမ်းကို တစ်ဖက်သတ် ကွေးသွားအောင် မဲ့ပြုံးပြုံး လိုက်သည်။ ငယ်စဉ်ကတည်းက အကြိုက်ချင်း တူ၍ အမြဲလုနေရ တတ်သည်။ သို့သော် ရွှေသာ အနိုင်ရစမြဲ။ ချစ်ရမည့်သူ တွေ့လာလျှင်လည်း တစ်ယောက်တည်းကိုသာ ဦးတည်ခဲ့ကြသည်။ မိမိကို မချစ်သော သူကိုပင် မရရအောင် ချစ်လာစေရမည် ဆိုသော အတွေးသည် ရွှေ၏ သတ်မှတ်ထားသည့် စံဖြစ်သည်။

ရွှေရုပ်လွှာသည် ကြွေနှင့် ချွတ်စွတ်တူသော အမွှာအစ်မ ...။ သို့ပေမဲ့ စိတ်ဓာတ်မှာ တော့ ဆီနှင့် ရေကဲ့သို့ တခြားစီပင်။ ကြွေက အေးဆေးစွာ နေတတ်၍ သဘောကောင်းကာ လူတိုင်းက ချစ်ကြသည်။ ရွှေကတော့ စွာတေးလန်သည့်အပြင် လိုချင်သည် ကို မရရအောင် ယူတတ်ပြီး စိတ်ထားညံ့သည် ဆိုရမည်။

သူတို့ နှစ်ယောက်ကို သူတို့ မိဘမှ လွဲ၍ အကြီးအငယ် ခွဲတတ်သူ ခုချိန်ထိ မပေါ်သေး ...။ အဝတ်အစားနှင့် ဆံပင်တို့ သည် သာ ကွဲသည်

။

ကြွေ အဝတ်အစားများကို ဝတ်ကာ ကိုကိုတို့ အိမ်ဖက်ကို ရွှေတစ်ယောက် ထွက်လာခဲ့သည် ။

ကိုကိုသည် ရွှေအသက်။ ကိုကို အချစ်ကိုရမည်ဆိုလျှင် ဘာမဆိုလုပ်ဖို့ အဆင်သင့်ပင် ...။

ကိုကို မြင်လိုက်ရချိန်တွင် ကြွေလို ဟန်ဆောင်ကာ လက်နှစ်ဖက်ကို ယှက်ကာ ခေါင်းလေးကို ငုံ့လျက် ကိုကို့ဆီကို ခြေလှမ်းများ လှမ်းလာလိုက်သည် ။ မျက်လွှာများ သည် မဝံ့မရဲ ခိုးခိုး ကြည့်လိုက်သည် ။ ရွှေ၏ သရုပ်အမှန်သာ ဆိုလျှင် ခေါင်းကို မော့ကာ စေ့စေ့ ကြည့်ပစ်တတ်သည် ။

ကြွေကို မြင်လိုက်၍ နိုင်းဒီရေ ဝမ်းသာသွားလျက် မျက်နှာမှာ ဝင်းပသွားသည် ။

နိုင်းတစ်ယောက် ကြွေကို အဖြေတောင်းထားသည် မဟုတ်ပါလား။ ကြွေ ရောက် လာပြီ ဆိုကတည်းက နိုင်း အဖြေပေးမည် ဆိုတာ သိလိုက်၏။

"ကြွေလေး ရောက်လာတယ်နော် ဝမ်းသာလိုက်တာ ... ကိုကို့ကို ချစ်တယ် မဟုတ်လားဟင်"

မျှော်လင့်ချက် အပြည့် မျက်ဝန်းတွေက ရွှေ၏ မျက်နှာဆီက မခွာ ... ။ ရွှေ လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း အတင်းမေးနေ တော့သည် ။

ကိုကို ရွှေက ကိုကိုချစ်တဲ့ ကြွေ မဟုတ်ပေမဲ့ ကိုကို့ ကို အဖြေပေးမယ့် ကိုကို့ ကိုချစ်တဲ့ ရွှေပါ။

"အင်း"

"ဘာ အင်းတာလဲ။ ချစ်တယ်လို့ ပြောတာ ကြားချင်တာကို နှမြော နေတာလား"

ရွှေသည် ရှက်ချင်ယောင် ဆောင်ကာ ခေါင်းလေးကို ငုံ့ပြီးမှ မဝံ့မရဲ မော့ကြည့်ရင်း

"ကိုကို့ကို ကြွေချစ်တယ်"

"ဟား တကယ် ပျော်လိုက်တာကွာ"

ရွှေကို ရုတ်တရက် လှမ်းဖက်လိုက်ကာ ဝမ်းသာသော ကိုကို့ကိုကြည့်ကာ ရွှေရင်တွေ အဆမတန် ခုန်နေမိသည် ။

"ကိုကို့ဆီကို စာအမြဲပို့။ ပြီးတော့ ကိုကို့ကို မမေ့ရဘူး။ ပြန်လာရင် လက်ထပ်ကြမယ်နော် ကြွေလေး"

အမိန့်ဆန်ဆန် ညွှန်ကြားနေသော ကိုကိုသည် ကြွေ ထင်နေပုံရသ ည် ။ ငုံ့နေသည့် ရွှေမျက်နှာကို ကိုင်၍ တတွတ်တွတ် မှာ တမ်းချွေနေ လေရဲ့ ...။ ဆံစများ ဖြာကျနေသည့် နဖူးကို အနမ်း ဖွဖွလေး ခြွေချ သွား သည် ။ ရင်ခုန်သံများ ပြောင်းဆန်သွားသည် ။

"တာ့တာ ကြွေလေး"

မနှုတ်ဆက် ချင်ပေမဲ့ ကိုကို ခဏတာ နှုတ်ဆက် ခဲ့ပါတယ်။ ကြွေ ဟာ ကိုကို့ အသက် ကိုကို့ အနာဂတ်ပါ..ကြွေရယ်။

နောက်သို့ လည်ပြန်၍ ဝေးကွာသွားရမည့် ချစ်သူကို ကြည့်မဝ။ ချစ် သူ ဖြစ်စတွင် မည်သူက ကိုယ့်ချစ်သူနှင့် ခွဲချင်မည်နည်း။

"ငါ ရအောင် ကိုကိုဆီ သွားရမယ်။ ကြံစမ်း မိကြွေ"

ကြွေ အရဲစွန့်ကာ ကိုကို့ကိုတွေ့ရရန် ပြတင်းပေါက်မှ စောင်များ

ကို ဆက်ကာ ခိုတွဲဆင်းရန် ဆုံးဖြတ်လိုက်၏။ ခိုဆင်းနေရင်း စောင်က အောက်ထိ မရောက်ပဲ တန်းလန်း ဖြစ်နေတော့သည် ။ ကြွေ မျက်လုံး စုံမှိတ်ကာ ခုန်ချလိုက်၏။ အောက်ကို အကျ မသက်သာ၍ ဒူးနှင့် လက်မှ သွေးများ စီးကျ လာသည် ကိုပင် ဂရုမစိုက်အားပါ။

ကိုကိုတို့ အိမ်ဆီကို အပြေးတပိုင်းဖြင့် အမြန်လာခဲ့ပေမဲ့ ကားက ထွက်လာကာ မောင်းထွက် သွားသည် ။ မျက်စိရှေ့မှာ တင်ထွက်ခွာသွားသော ချစ်သူကို နှုတ်ဆက်ခွင့်ပင်မရ။ မြင်ပြီး မကြင်ရသည့် ဘဝကို အဖြစ်မခံနိုင်ပေ။ ထို့ကြောင့် ကြွေမှာ နောက်မှ နေ ပြေးလိုက်ပေမဲ့ မမီသည့်အပြင် ခလုတ်တိုက်ကာ လဲကျသွား၏။

"ကိုကို ... ဟီးဟီး ကိုကို့ ကိုချစ်တယ်လို့ "

လဲကျရာမှ မထဘဲ အသားကုန် အော်ပြောလိုက်သည် ။ သို့ပေမဲ့ ဝေးကွာသွားသည့် ကိုကိုမှာ မကြားနိုင်တော့ပေ။ မျက်ရည်များက ရင်ဘတ်ဆီ အထိ စီးကျနေသည် ။ အချစ်တို့ ကို အလွမ်းနှင့်အတူ တနင့်တပိုး သိမ်းဆည်း ထားရတော့မည်။

နိုင်း၏ နားထဲတွင် ကြွေအသံလိုလို ကြားလိုက်ရသည် ။ ထို့ကြောင့် ကြွေ လိုက်လာသလား အထင်ဖြင့် နောက်ကို လှည့်ကြည့်ပေမဲ့ ဘာမှ မမြင်ပါ။ စိတ်ထင်တာ ဖြစ်မည်ဟု တွေးလိုက်၏။ မခွဲချင်ပေမဲ့ ခွဲရဦးမည်။ အနာဂတ် အတွက် ကြွေကို ထားခဲ့ ရသည် မှာ စိတ်မချပါ။

"ကိုကို ရက်စက်တယ် ကြွေကို တစ်ချက်လေးတောင် ငဲ့မကြည့်ဘူး . .. "

ကြွေ ခေါင်းငိုက်စိုက်ချကာ အိမ်ကိုသာ ပြန်လာခဲ့ရသည် ။ အိမ်အပေါက်ဝတွင် ခါးကိုထောက်ကာ ရပ်နေတာ မမရွှေကို တွေ့လိုက်၏။

"ဒါ ဘယ်က ပြန်လာတာလဲ။ မိကြွေ ... "

"ကိုကို့ကို သွားနှုတ်ဆက်တာပါ"

ရွှေသည် ကြွေကို မချိတချို ပြုံးပြရင်းက

"ဟင်း အဲတော့ မီလိုက်လား"

"ဟင့်အင်း"

ကိုကို့ကို ငါပဲ ပိုင်ဆိုင်ရမယ် ... နင် ဘယ်တော့မှ မရစေရဘူး ... မှတ်ထား။

"င့ါစကား နားမထောင်ဘူးပေ့ါလေ နင်က ခိုးထွက်သွားတာ ဆိုတော့ နင့်ကို အပြစ် ပေးရမယ်"

ဂိုဒေါင် အခန်းဆီကို ဆွဲခေါ်သွားတော့သည် ။ တစ်ကိုယ်လုံး နာကျင်မှုကြောင့် အောင့်ကာ လိုက်လာရသည် ။ ကြွေ အကြောက်ဆုံး အမှောင်ခန်းတစ်ခု။ ပိတ်လှောင်ခံရခြင်းကို ကြောက်ရွံ့နေသူ ကြွေအဖို့ ငရဲခန်းနှင့် တူသည် ။

"မမ မလုပ်ပါနဲ့ နော်။ တောင်းပန်ပါတယ်။ ညီမလေး အဲဒီထဲကို မနေရဲဘူး ကြောက်တယ် ဟီးဟီး"

ကြွေ အသနားခံ၍ တောင်းပန်နေသည့် စကားကို လျစ်လျူရှုကာ မကြားချင်ယောင် ဆောင်ရင်း အခန်းထဲ ပိတ်ထားခဲ့သည် ။ ဟိုး အတိတ်များ သည် အစိမ်းသက်သက် ခြောက်လှန့်ဆဲပင်။

"ဟီး ဟီး .. ဖေကြီးနဲ့ မေကြီး သမီးကြောက်တယ်။ လာကယ်ပါ"

ကြွေတို့ မိဘနှစ်ပါးစလုံး ဆုံးပါးသွားတာ ၃နှစ်ရှိပါပြီ။ ကြွေတို့ ကျောင်းပြီး ဘွဲ့တွေရမှ အမွေတွေကို ခွဲပေးမှာ ဖြစ်ပြီး ခုတော့ ကြွေတို့

အသုံးစရိတ်ကို ရှေ့နေကြီးမှ လစဉ် ထုတ်ပေးနေကျ ဖြစ်သည် ။

***

ငယ်စဉ်က အကြောင်းများ ကြွေ ခေါင်းထဲ အလိုလို ပြန်ရောက် လာခဲ့တော့သည် ။

"သမီး မေမေတို့ အပြင်သွားမလို့ ညီမလေးနဲ့ အတူတူဆော့နော်"

"ဟုတ် မေမေ"

မမက မေမေတို့ ရှေ့တွင် ကြွေကို ဟန်ဆောင်ချစ်ပေမဲ့ ကွယ်ရာမှာ တော့ အနိုင်အမြဲ ကျတတ်သည် ။ ထိုအကြောင်းကို ကြွေသာ သိသည် ။ ပြန်ပြောပြလျှင် သည် ထက် ဆိုးမည်ဟု ခြိမ်းခြောက် ထား၍ ပြောမပြရဲပေ။ ကြိတ်မှိတ်ကာသာ သည်းခံရသည် ။ မမသည် ကြွေ၏ အရင်းနှီးဆုံး တစ်ဦးတည်းသော ဆွေမျိုး ဖြစ်နေသောကြောင့်ပင်။

"ဒီအရုပ် ငါ့ပေးစမ်း.."

ကြွေ လက်ထဲမှ အရုပ်ကို လုယူခံလိုက်ရသည် ။ လက်ထဲမှ ပါသွားသည့် အရုပ်ကို နှမြောတသ ကြည့်နေမိသည် ။

"မမ မှာ လည်း ရှိတာပဲ။ ကြွေဟာ ပြန်ပေးပါ"

"မပေးဘူး။ ငါ့ဟာက ဟောင်းသွားပြီ"

"ပေး ကြွေဟာပေး  ဟီးဟီး"

"ငို ငို သေအောင်ငို"

ကြွေ ခြံပြင်ကို ပြေးထွက်လာ၍  လမ်းမှာ ငိုနေမိသည် ။ ကူသူ မရှိ ။ အကြီးပီပီ အလျှော့ပေးခြင်း အလျဉ်းမရှိ။ အနိုင်ကျင့်မှု များ သာ တစ်နေ့ထက် တစ်နေ့ ကြီးထွားလာသည် ။

"ဟိတ် ကောင်မလေး ဘာလို့ ငိုနေတာလဲ"

ကြွေသည် အသံကြားရာ ဆီကို မော့ကြည့်လိုက်စဉ် ကောင်လေး တစ်ယောက် ... ကြွေထက်တော့ အသက်ကြီးမည် ထင်၏။

"မမက ကြွေအရုပ်ကို လုယူလို့ ဟင့် ဟင့်"

"တိတ် တိတ် ငါ ဟိုနှစ်အိမ်ကျော်က ပြောင်းလာတာ မကြာသေး ဘူး။ ငါ့မှာ အရုပ်တွေ အများကြီးရှိတယ် လိုက်ခဲ့"

ကြွေသည် မျက်မှောင်ကုတ် ကြည့်လိုက်ပြီး

"ဘာလို့ လိုက်ရမှာ လဲ ။ နင်နဲ့ ငါနဲ့ မှ မသိတာ"

"အဲဒါဆို နင်နဲ့ မိတ်ဆက်မယ်လေ"

ထိုသို့ ခပ်သွက်သွက် ပြန်ပြောရင်း ကြွေ နားနှစ်ဖက်ကို လာဆွဲ တော့သည် ။ နားမလည်နိုင်စွာ မျက်နှာထား တင်းထားပြီး အော်လိုက် သည် ။

"ဟာ ဘာလဲ"

သူ လက်များကို ပုတ်ချရင်း စိတ်ဆိုးကာ ကြွေ မျက်နှာကို လွှဲထားမိ သည် ။

"ငါတို့ သူငယ်ချင်း ဖြစ်ချင်ရင် အရမ်း ခင်ကြမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဒီလို မိတ်ဆက်ရတာဟ"

"ဟင် ကြား မကြားဖူးပေါင်"

ကြွေသည် စောစော ငိုနေသည့် မျက်ရည်များ ခန်းခြောက်သွားရ ၍ ငိုချင်စိတ်ပင် ပျောက်သွားကာ ပြုံးရင်း သူ့နား နှစ်ဖက်ကိုလည်း အ သာအယာ ပြန်ဆွဲလိုက်သည် ။ သူ၏ နားများ သည် မထူမပါးဖြင့် ဆွဲလို့

ကောင်းသည် ဟု ထင်ရ၏။

နိုင်းဒီရေနှင့် ကြွေတို့ သူငယ်ချင်းများ ဖြစ်ခဲ့ကြသည် ။ ခင်မင်မှုသည် တစ်စထက်တစ်စ တရိပ်ရိပ် တိုးလာခဲ့သည် ။ တစ်ယောက်ကိုတစ်ယောက် အသေးစိတ်လေးများကစ ဂရုစိုက်ခြင်း တို့ ကြောင့် သံယောဇဉ်များ ရစ်နွယ် လာခဲ့သည် ။

"နင် ဘယ်သွား နေတာလဲ ကြွေ"

" ဟို ... ဟိုက အိမ်ကိုသွားလည်တာ ... "

ကြွေ လက်ညှိုးညွှန်ကာ ပြလိုက်သည် ။

"မေမေတို့ လာရင် တိုင်မှာ ... ဒါနဲ့ ဒီဝက်ဝံရုပ်က ဘယ်သူပေးတာလဲ"

"ကိုကိုက ငါ့ကိုပေးလိုက်တာ"

"ဘယ်ကိုကိုလဲ လူတိုင်းကိုယုံနေ။ ငါ့ကိုပေး "

ကြွေဆီက အရုပ်ကို အတင်းလုယူ နေခြင်းကြောင့် မပေးဘဲ လက်ကို နောက်ပစ်ကာ ဖွက်ထား လိုက်သည် ။ မရရအောင်ယူတတ်သည့် ရွှေအကျင့်ကို ကြောက်ရသည် ။

"ပေးဘူး။ ကိုကို ပေးထားတာ ပေးဘူး"

"ဘာတွေဖြစ်နေတာလဲ။ ရွှေ ညီမလေးကို အနိုင်မကျင့်ရဘူးလေ"

မေမေတို့ ပြန်ရောက်လာ၍ လုနေတာ မြင်သောကြောင့် တားတော့မှ နောက်ဆုတ် သွားသည် ။ သို့သော် မမရွှေ၏ အကြည့်များကို သိနေသည် ။ မျက်စောင်း စူးစူးတို့ သည် ကြွေကို ခြိမ်းခြောက် နေသည် ။

"မဟုတ်ပါဘူး။ သမီးက ခဏကြည့်ချင်တယ် ပြောတာကို မပြတာ"

မိဘတွေလည်း ရွှေစိတ်ဓာတ်ကို သိနေတာကြောင့် ဘာမှ မပြောပဲ နေခဲ့ကြသည် ။ ထိုအရာများကို ရွှေ၏ စိတ်ထဲတွင် ကြွေအပေါ် ပိုသည် ထင်ကာ အာဃာတတွေ ထားရင်း ကြွေအပေါ် အမုန်းတွေ ပိုခဲ့ရသည် ။

" ကြွေရေ ကြွေရေ "

ခြံပေါက်ဝဆီမှ ခေါ်သံ ကြားတာကြောင့် ရွှေထွက်လာခဲ့သည် ။ လူမ်း အကဲခတ်ရင်း စိတ်ထဲမှ ပြောလိုက်သည် ။

ဒါလား ကြွေပြောတဲ့ ကိုကို ... ပြောနေတာ နှစ် တော်တော်ကြာပေမဲ့ ... .ခု မှ တွေ့ဖူးတာပါ။

"ဘာကိစ္စလဲ ကြွေမရှိဘူး"

ညာပြောလိုက်ခြင်း ဖြစ်သည် ။ ယခုချိန်ဆိုလျှင် တရားထိုင်နေမှာ ပင်။

ဒီ ကောင်မလေးက ကြွေ ပြောပြောနေတဲ့ အမြွှာအစ်မ ရွှေရုပ်လွှာ ဖြစ်လိမ့်မယ်။ ဝတ်ပုံစားပုံနဲ့ ပြောပုံဆို ပေါ်လောက်သာ မတူတာပါ ... ရုပ်ကတော့ ချွတ်စွပ်တူတာပဲ ... ။

မသိခင်က ကြွေစနောက်ကာ ညာနေခြင်းဟု ထင်ထားခဲ့သည် ။ သေချာကြည့်မှ အဝတ်အစားက မတူပေ။

"သူလာရင် ဒါလေး ပေးပေးပါလား။ မြို့ထဲသွားရင်း သူကြိုက်တဲ့ မုန့်ဝယ်လာလို့ "

"ပေး ဒါပဲ မဟုတ်လား။ ပြန်တော့ သူလာရင် ပေးလိုက်မယ်"

သေချာတာတော့ ကြွေလောက် ချစ်စရာ မကောင်းပါ။ လေသံက

လည်း မာလိုက်တာ ။ ဟွန်း ... ကြွေ မျက်နှာကြောင့်သာ အလိုက်အထိုက် ဆက်ဆံခဲ့ရတာ။ သိပ် သဘောမကျလှ။

"အင့် ဟာ"

ရွှေသည် ပေးခဲ့သည့် မုန့်များကို လွှတ်ပစ်လိုက်သည် ။ ကြွေကို ဘာကြောင့် လူချစ်လူခင် ပေါများ ခြင်း အပေါ် ရွှေ ဒေါသအလိုလို ထွက်နေတော့၏။

"ကြွေလေး မနေ့က မုန့်တွေ စားရလားဟင်"

"ဘာ မုန့်လဲ ကိုကိုရဲ့ "

နားမလည်သလို မျက်လုံးလေး ဝိုင်းစက်ကာ ပြန်မေးနေသည် ။

"မနေ့က ကြွေ့မမကို ပေးခဲ့တာလေ"

"အော် ဒါလား ... စား .. စားရပါတယ်"

ကြွေ ညာပြော လိုက်ရသည် ။ တကယ်တော့ ကြွေ ဘာမှ မစားခဲ့ရပါ ။ မမလက်ချက် ဆိုတာတော့ ကြွေ အလိုလို သိနေသည် ။

မမရွှေရယ် ... ကြွေအပေါ် ဘာလို့ ဒီလောက် မုန်းနေရတာလဲနော်။ ကြွေ နားမလည် တော့ဘူး။ သူများ ညီအစ်မတွေဆို သိပ်ချစ်ကြတာ။ ပြီးတော့ ကြွေတို့ က အမြွှာတွေလေ။

"ကြွေ ကိုကိုလေ ကြွေတို့ တက်တဲ့ ကျောင်းကို ပြောင်းလာတော့မှာ ပျော်လား"

"တကယ် ပျော်တာပေ့ါ ... ကြွေဖို့ အဖော်ရတာပေ့ါ ကိုကိုရဲ့ "

မမရွှေသည် ကြွေနှင့်အတူ ဘယ်တော့မှ ကျောင်းမသွားပါ။ ထို့ကြောင့် ကြွေအတွက် အထီးကျန်ခဲ့တာ ကြာပါပြီ။ ညီမဟု အသိအ

မှတ် မပြုပေ။ ကြွေအတွက် မုန့်ဖိုးများကိုပင် သူ၏ သူငယ်ချင်းအတွက် မုန့်ဝယ်ကျွေးရန် ပေးရတတ်သည် ။ ကာကွယ်မပေးသည့် အပြင် သူများ အနိုင်ကျင့် သည် ကိုပင် မြှောက်ပင့်ပေးတတ် သေးသည် ။

***